ပုံစံ (၁၁)

# ခုံသမာဓိကောင်စီ

## ခုံအဖွဲ့၏ ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃ (စ) }

## ခုံအဖွဲ့

၂၀၁၉ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ် (၁၃/၂၀၁၉)

| | |
|---|---|
| ဒေါ်စန်းသော်တာ (အလုပ်သမား)၊<br>အောင်မြေသာယာဘုရားအနီး၊ ဖွံ့ဖြိုးအောင်<br>ဆောက်လုပ်ရေးဝန်း၊လှိုင်သာယာမြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| Mr. Qian Fei (အလုပ်ရှင်)၊<br>ဒေါ်စန္ဒာသင်း (မန်နေဂျာ/ အလုပ်ရှင်၏<br>အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)<br>Roo Hsing Garment Manufacturing<br>(အထည်ချုပ်စက်ရုံ)၊ အမှတ်(၂)၊<br>ကျန်စစ်သားလမ်း၊ စက်မှုဇုန် (၃)၊<br>လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ။ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်

## ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန် (၃)၊ ကျန်စစ်သားလမ်း၊ အမှတ် (၂) ရှိ Roo Hsing Garment Manufacturing (အထည်ချုပ်စက်ရုံ) အလုပ်ရှင် Mr. Qian Fei၊ ဒေါ်စန္ဒာသင်း

(မန်နေဂျာ/ အလုပ်ရှင်၏အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)နှင့် ဒေါ်စန်းသော်တာ (အလုပ်သမား) တို့အကြား ဖြစ်ပွားသော အငြင်းပွားမှုအား လှိုင်သာယာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ထိုအငြင်းပွားမှုကို အငြင်းပွားမှုအမှတ် (၁၆/၂၀၁၉) အရ ကြားနာစစ်ဆေးပြီး ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၂။ ဤအငြင်းပွားမှုသည် တောင်းဆိုသူ ဒေါ်စန်းသော်တာ (အလုပ်သမား)မှ တောင်းဆိုခြင်းခံရသူ Mr. Qian Fei (အလုပ်ရှင်)၊ ဒေါ်စန္ဒာသင်း (မန်နေဂျာ/ အလုပ်ရှင်၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)၊ Roo Hsing Garment Manufacturing (အထည်ချုပ်စက်ရုံ) ထံတွင် အလုပ်မှ ထုတ်ပယ်ခံရသဖြင့် အလုပ်ပြန်လည်လုပ်ကိုင်ခွင့်ရရှိရန် တောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၃။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက် (၁) ချက် ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုသူ ဒေါ်စန်းသော်တာ (အလုပ်သမား)မှ အောက်ပါ ကောက်ချက်အမှတ် (၁) ပေါ်တွင် ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ ပြင်ဆင်မှု လျှောက်ထားလာခြင်းဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** အလုပ်သမား ဒေါ်စန်းသော်တာအား အလုပ်ပြန်လည်ဝင်ရောက်ရန် သင့်/မသင့်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** (က) အလုပ်သမား ဒေါ်စန်းသော်တာအား လုပ်ခကျန်ငွေ (လုပ်ခ ၅၇၆၀၀ိ/-၊ လိုင်းဆုကြေး ၄၅၀၀ိ/-နှင့် နို့တစ်ကြေးတစ်လစာ ၁၄၄၀၀ိ/-)ပေးရန်နှင့် အလုပ်ပြန်လည်ခန့်ထားရန် မလိုကြောင်း ဆုံးဖြတ်သည်။

၄။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၁၆/၂၀၁၉) ဆုံးဖြတ်ချက် အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် အလုပ်သမားမှ ခုံသမာဓိကောင်စီသို့ ပြင်ဆင်မှုလျှောက်ထားလာသဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ၊ အမိန့်ကြော်ငြာစာအမှတ် (၈၁/၂၀၁၉)၊ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်၊ နေ့စွဲဖြင့် ခုံသမာဓိ

ကောင်စီ၊ အငြင်းပွားမှုအမှတ် (၁၃/၂၀၁၉) အား ကြားနာစစ်ဆေးမည့် ဝန်ကြီးဌာနကိုယ်စားလှယ် ဦးသောင်းစိန်၊ အလုပ်ရှင်ကိုယ်စားလှယ် ဒေါ်မြတ်မြတ်ကျော်၊ အလုပ်သမားကိုယ်စားလှယ် ဦးရဲကျော်သူတို့ ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၅။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အမှုတွဲကို လက်ခံရရှိပြီးနောက် အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက်တို့ကို ၂၆-၉-၂၀၁၉ ရက်နေ့တွင် တွေ့ဆုံ၍ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့နှင့် ခုံသမာဓိအဖွဲ့တို့မှ လွှဲပြောင်းပေးပို့တင်ပြလာသည့် မှတ်တမ်းများ၊ စာရွက်စာတမ်း၊ အထောက်အထား များ၊ လျှောက်ထားသူနှင့် လျှောက်ထားခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာများ၊ နှစ်ဖက် ထွက်ဆိုချက်များအပေါ် အခြေခံ၍ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့မှ အငြင်းပွားမှုဖြစ်စဉ်နှင့် ပတ်သက်၍ စစ်ဆေးဆောင်ရွက်ခဲ့ပါသည်။

**ကောက်ချက်အမှတ်(၁)။** အလုပ်သမား ဒေါ်စန်းသော်တာအား အလုပ်ပြန်လည်ဝင်ရောက်ရန် သင့်/မသင့်။

<u>**စစ်ဆေးတွေ့ရှိချက်များ**</u>

၅။ ယခုအငြင်းပွားမှုဖြစ်စဉ်သည် ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့ထံသို့ အလုပ်သမား ဒေါ်စန်းသော်တာ၊ Roo Hsing Garment Manufacturing (အထည်ချုပ်စက်ရုံ)မှ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို မကျေနပ်၍ တင်ပြလျှောက်ထားခဲ့သည်ကို အကျိုးစီးပွားဆိုင်ရာ အငြင်းပွားမှုနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ရန် အခြေအနေရှိလာ၍ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့ အသီးသီးတို့ထံတွင် စစ်ဆေးထွက်ဆိုခဲ့သည်များ၊ ဆုံးဖြတ်ခဲ့သည်များကို အလုပ်သမား ရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေနှင့် ညီညွတ်မှုရှိ/မရှိကို မိမိတို့ ခုံအဖွဲ့မှ စိစစ်ပြီး လက်ခံစစ်ဆေး ခဲ့ပါသည်။ စစ်ဆေးရသည့်အဓိကအကြောင်းရင်းမှာ အလုပ်မှရပ်စဲခံရသည့် အလုပ်သမား ဒေါ်စန်းသော်တာအား နဂိုမူလအလုပ်အကိုင်တွင် ပြန်လည်ခန့်ထားနိုင်ခြင်းရှိ/မရှိနှင့် အလုပ်မှ ရပ်စဲခဲ့ပါက ခံစားခွင့်ရှိသည့် အကျိုးစီးပွားများကို ဥပဒေနှင့်အညီ ခံစားခွင့်ပြုနိုင်ရန် စိစစ်ခဲ့ပါသည်။ အလုပ်သမား၏ ထွက်ဆိုချက်များအရ အလုပ်မှရပ်စဲခံရသော အလုပ်သမား ဒေါ်စန်းသော်တာသည် အစမ်းခန့်ကာလအတွင်း အလုပ်စတင်ဝင်ရောက်သည့် ၅-၆-၂၀၁၉ ရက်နေ့မှ ၁၇-၇-၂၀၁၉ ရက်နေ့ အထိ စက်ရုံတွင် အလုပ်သမားအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြောင်း အလုပ်ရှင်၊ အလုပ်သမား

ထွက်ဆိုချက်များအရ မှန်ကန်ပေါ်လွင်ပါသည်။ သို့ရာတွင် ၁၇-၇-၂၀၁၉ ရက်နေ့ မတိုင်မီ စက်ရုံ၏ ကုန်ထုတ်လုပ်ရေးလိုင်းအတွင်း မိမိတာဝန်ထမ်းဆောင်နေစဉ်အတွင်း အလုပ်သမား တစ်ဦး၏ လစာအိတ်ပျောက်ဆုံးမှုအပေါ် စက်ရုံတာဝန်ရှိသူများမှ ပေးလျော်ရန် ဖိအားပေးခဲ့ပြီး မိမိအနေဖြင့် တာဝန်မရှိသလို ပေးလျော်ရန် ငွေကြေးစွမ်းအားလည်းမရှိ၍ မလျော်နိုင်ကြောင်း တုန့်ပြန်တင်ပြခဲ့သည်ကို အကြောင်းပြု၍ အလုပ်မှရပ်စဲခဲ့ကြောင်းနှင့် အလုပ်သမားရေးရာလှုပ်ရှားမှု အဖွဲ့အစည်းတစ်ရပ်ဖြစ်သော Action Labour Right အဖွဲ့သို့ တင်ပြဆက်သွယ်ခဲ့သဖြင့် ၎င်းအဖွဲ့၏ အကူအညီဖြင့် အလုပ်ပြန်လည်ရရှိခဲ့ကြောင်း ထွက်ဆိုပါသည်။ အလုပ်ရရှိသည့် ၆-၇-၂၀၁၉ ရက်နေ့တွင် အလုပ်ပြန်လည်ဝင်ရောက်ခဲ့ပြီးနောက် ၁၇-၇-၂၀၁၉ ရက်နေ့တွင် အဆိုပါအဖွဲ့အစည်းသို့ ဆက်သွယ်သည်ဟု အကြောင်းပြစွပ်စွဲပြီး အလုပ်ခွင်မှ ရပ်စဲ/ထုတ်ပယ်ခဲ့သည့်အတွက် ယခုကဲ့သို့ အငြင်းပွားမှုဖြစ်ပွားခဲ့ပြီး အဆင့်ဆင့်တင်ပြ ဆောင်ရွက်ခဲ့ရပါကြောင်း၊ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့ထံသို့ တင်ပြလိုသည်မှာ မိမိသည် မကျန်းမာသော မိခင်ကို ပြုစုစောင့်ရှောက်နေရပြီး လက်ရှိအလုပ်မှ ရပ်နားခဲ့ရသဖြင့် လူမှုရေးအရ နစ်နာသည့်အပြင် အလုပ်အကိုင်မရှိ၍ ဝင်ငွေရရှိရန် မူလစက်ရုံရှိ ငွေကိုင်ရသည့် အလုပ်မဟုတ်ဘဲ Cutting ပိတ်စများကို လိုင်းထဲတွင် ဖြန့်ဝေပေးရသည့် လိုင်းစာရေးမအဖြစ် လုပ်ကိုင်ခဲ့ရပါသည်။ သို့ဖြစ်ပါ၍ မူလနေရာတွင်သာ မူလလုပ်ငန်းခွင်အခြေအနေအတိုင်း အလုပ်ပြန်လည်ခန့်ထားပေးပါရန် တင်ပြထွက်ဆိုခဲ့ပါသည်။ အလုပ်ရှင်၏ထွက်ဆိုချက်မှာ ၅-၆-၂၀၁၉ ရက်နေ့တွင် အလုပ်သမား ဒေါ်စန်းသော်တာသည် အလုပ်စတင်ဝင်ရောက်ခဲ့ပြီး လိုင်းတွင်းရှိ Super များ၊ တာဝန်ရှိသူများနှင့် ဆက်ဆံရေးအဆင်မပြေခြင်း၊ ခန့်အပ်တာဝန်ပေးထားသည့် ကာလအတွင်း လစာပေးစာအိတ် ပျောက်ဆုံးကြောင်း၊ လစာအိတ်ပျောက်ဆုံးသဖြင့် ၎င်းတစ်ဦးတည်းသို့ မိမိတို့မှ ပေးလျော်ရန် အတင်းအကြပ် ဆောင်ရွက်ခြင်းမပြုဘဲ သက်ဆိုင်သူ တာဝန်ရှိသူ (၄) ဦး စုပေါင်း၍ ပေးလျော်ရန်သာ ပြောဆိုဆောင်ရွက်ခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့် အစမ်းခန့်ကာလအတွင်း ကျေနပ်ဖွယ်ရာ စွမ်းဆောင်ချက်များ မတွေ့ရှိဘဲ အမှားအယွင်းလုပ်ရပ်များသာ တွေ့ရှိခဲ့၍ ယခုကဲ့သို့ အလုပ်မှထုတ်ပယ်ခဲ့ရသည့် အခြေအနေရောက်ခဲ့ပါကြောင်းနှင့် မူလအလုပ်သို့ ပြန်လည်ခန့်အပ်လိုမှု မရှိပါကြောင်း၊ အလုပ်သမား၏ လုပ်ခကျန်ငွေအနေဖြင့် OT အပါအဝင် ၈၆၄၀၀ိ/-၊ ဆုကြေး ၄၅၀၀ိ/-၊ စုစုပေါင်း ၉၀၉၀၀ိ/- အား ထုတ်ယူခြင်း မရှိသေးပါကြောင်း၊ အလုပ်သမားအား လူမှုရေးအရ ထောက်ထားငဲ့ညှာသောအားဖြင့် လူမှုရေး ထောက်ပံ့ကြေးငွေ ၁၀၀,၀၀၀ိ/-

(ကျပ်တစ်သိန်းတိတိ) ကိုပါ ပေးအပ်မည်ဖြစ်ပါကြောင်းနှင့် ဥပဒေနှင့်အညီ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကိုလည်း လိုက်နာအကောင်အထည် ဖော်မည်ဖြစ်ပါကြောင်း ထွက်ဆိုခဲ့ပါသည်။

**သုံးသပ်ချက်**

၆။ တောင်းဆိုသူ အလုပ်သမား ဒေါ်စန်းသော်တာအနေဖြင့် အငြင်းပွားမှုဖြစ်စဉ်ကို မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့ အသီးသီးတို့မှတဆင့် ဥပဒေနှင့်အညီ အဆင့်ဆင့်တင်ပြ ဆောင်ရွက်ခဲ့သည်ဖြစ်၍ ဥပဒေ၏ အကာအကွယ်ကို ပေးနိုင်ရန်အတွက် ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အဖက်ဖက်မှ အလေးအနက်ထား စဉ်းစားခဲ့ရာတွင် ခန့်အပ်ခဲ့သည့်ကာလ ၅-၆-၂၀၁၉ ရက်နေ့မှ ၁၇-၇-၂၀၁၉ ရက်နေ့အထိ အလုပ်ရှင်၏ ကြိုက်နှစ်သက်မှုကို မရရှိခဲ့သော်လည်း အလုပ်သမား ဒေါ်စန်းသော်တာအနေဖြင့် ကျရာတာဝန်ကို ထမ်းဆောင်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိပါသည်။ တာဝန်ထမ်းဆောင်သည့် အစမ်းခန့်ကာလအတွင်း မိမိတာဝန်ယူသည့်လိုင်းမှ အလုပ်သမားတို့၏ လစာငွေထုတ်ပေးရာတွင် လစာအိတ် ပျောက်ဆုံးမှုကို စိုက်လျော်ရန် အလုပ်ရှင်မှ ပြောကြားခဲ့သည်ဖြစ်၍ အားနည်းသူ အလုပ်သမား ဒေါ်စန်းသော်တာအနေဖြင့် တိုက်ရိုက်တာဝန်မရှိသည့်အပြင် ပေးလျော်ရန် အခက်အခဲရှိနေ၍ အလုပ်ရှင်မှ မနှစ်သက်ဘဲ နို့တစ်တစ်စုံတစ်ရာ ပေးခြင်းနှင့် ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ အလုပ်မှ ရပ်စဲ/ထုတ်ပယ်ခဲ့သည့်အတွက် အလုပ်သမား ဒေါ်စန်းသော်တာအနေဖြင့် ဥပဒေပါ ခံစားခွင့်များနှင့် လူမှုရေးအရ နစ်နာမှုများ ပေါ်ပေါက်ခဲ့၍ တာဝန်ရှိသူ အလုပ်ရှင်မှ ဖြေရှင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ သို့မှသာ အငြင်းပွားမှု ပြေငြိမ်းရေးကိုပါ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သုံးသပ်မိပါသည်။ ထို့ပြင် အလုပ်သမား ဒေါ်စန်းသော်တာ၏ ကျန်ရှိနေသော လုပ်ခကျန်ငွေ၊ ဆုကြေးငွေများကို လုပ်ထုံးလုပ်နည်းနှင့်အညီ အမြန်ဆုံးထုတ်ပေးရန် သုံးသပ်သည်။ အလုပ်ရပ်စဲမှုနှင့် ပတ်သက်၍ နို့တစ်မပေးဘဲ အလုပ်မှရပ်စဲခဲ့သည့်အတွက် နို့တစ်ကြေးတစ်လစာနှင့် အလုပ်ရှင်၏ ဆန္ဒအလျောက် အလုပ်သမားအား လူမှုရေးအရ ခံစားခွင့်ပြုသော လူမှုရေးထောက်ပံ့ငွေ ၁၀၀,၀၀၀/-ကိုလည်း တပေါင်းတည်း ခံစားခွင့်ပြုသင့်ကြောင်း သုံးသပ်၍ ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၃ (င) အရ အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည်-

**ဆုံးဖြတ်ချက်အမှတ်(၁)။** ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ၁၃-၉-၂၀၁၉ ရက်စွဲပါ အငြင်းပွားမှုအမှတ်(၁၆/၂၀၁၉)အပေါ် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်ကို ပယ်ဖျက်၍ အလုပ်သမား ဒေါ်စန်းသော်တာအား နို့တစ်ကြေး (၁)လစာ ၁၄၄,၀၀၀ိ/- (ကျပ်တစ်သိန်းလေးသောင်းလေးထောင်တိတိ) နှင့် အလုပ်ရှင်မှ ပေးအပ်သည့် လူမှုရေးထောက်ပံ့ကြေးငွေ ၁၀၀,၀၀၀ိ/- (ကျပ်တစ်သိန်းတိတိ)၊ စုစုပေါင်း ၂၄၄,၀၀၀ိ/- (ကျပ်နှစ်သိန်းလေးသောင်းလေးထောင်တိတိ)ကို ခံစားခွင့်ပြုရန် ဆုံးဖြတ်လိုက်သည်။

ဤဆုံးဖြတ်ချက်သည် ချမှတ်သည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၇။ အထက်ပါ ဆုံးဖြတ်ချက်အရ ပေးရန်တာဝန်ရှိသည့်ငွေများကို ဤဆုံးဖြတ်ချက်ချသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း ပေးရမည်။ အလုပ်ရှင်ဘက်မှ ပေးရန်ပျက်ကွက်ပါက ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၉ အရ အဆိုပါငွေကို မြေခွန်မပြေ ကျန်ငွေကဲ့သို့ အရကောက်ခံရမည်။

| | | |
|---|---|---|
| ဒေါ်မြတ်မြတ်ကျော် | ဦးသောင်းစိန် | ဦးရဲကျော်သူ |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |